အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁ အမှတ် ၄၅

၂ နိုဝင်ဘာ ၂၀၂၃

## ကနေဒါနိုင်ငံခြားရေးဌာနနှင့် မြန်မာအရေး တွေ့ဆုံ ဆွေးနွေး

**အောက်တိုဘာ ၂၇**





အကြမ်းဖက် စစ်အုပ်စု၏ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် နိုင်ငံတကာရာဇဝတ်မှုများအား အရေးယူနိုင်ရေး အပါအဝင် တရားမျှတမှု ဖော်ဆောင်နိုင်ရေးတို့အတွက် ကနေဒါနိုင်ငံ နိုင်ငံခြားရေးဌာန လက်ထောက်ဒုနိုင်ငံခြားရေးဝန်ကြီး (အင်ဒို-ပစိဖိတ်) Mr. Weldon Epp ပါဝင်သည့် အဆင့်မြင့်အရာရှိများနှင့် အမျိုးသားညီညွတ်ရေးအစိုးရ – NUG တို့ အောက်တိုဘာ ၂၇ ရက်က Global Robertson ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ (ဒုဝန်ကြီး)၊ ဦးကျော်ဇော် (သမ္မတရုံး အကြံပေးနှင့် ပြောရေးဆိုခွင့်ရှိသူ) တို့ တက်ရောက်ခဲ့သည်။

တွေ့ဆုံမှု၌ မြန်မာနိုင်ငံအတွင်း မြေပြင်ရှိ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအပြင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည့် မြန်မာပြည်သူများအတွက် တရားမျှတမှု ဖော်ဆောင်ရေး လုပ်ငန်းစဉ်အား ကနေဒါအစိုးရမှ ဝိုင်းဝန်းကြိုးပမ်းပေးရန်၊ NUG က နိုင်ငံတကာ၌ တရားစွဲဆိုရေး ကြိုးပမ်းနေမှုအား ထောက်ခံပေးရန်တို့ ပါဝင်သည်။




မိဘပြည်သူများခင်ဗျာ...

မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

  စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့တိုင်ကြားနိုင်ပါတယ်။

## အောက်တိုဘာလ ၁၆ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



# အောက်တိုဘာလ ၁၆ ရက်နေ့မှ ၃၁ ရက်နေ့ထိ အကြမ်းဖက်စစ်အုပ်စု၏ တိုင်းနှင့်ပြည်နယ်အလိုက်လူ့အခွင့်အရေးချိုးဖောက်မှုများ




**"ခုတစ်လော NUG + EROs တော်လှန်ရေးမဟာမိတ်တွေရဲ့ မြေပြင်စစ်ဆင်ရေး အောင်ပွဲဆင်နိုင်မှုတွေအတွက် လေးစားဂုဏ်ယူဦးညွှတ်လျက်"**

ခွန်းဗဟန်းထန်
ပြည်ထောင်စု ဒုတိယဝန်ကြီး၊
လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊



# NUG ၏ ရိုဟင်ဂျာမူဝါဒအား ရှင်းလင်း

အောက်တိုဘာ ၃၀






ရိုဟင်ဂျာများအပေါ် ထားရှိသည့် အမျိုးသားညီညွတ်ရေး အစိုးရ - NUG မူဝါဒနှင့် ပတ်သက်၍ ကနေဒါနိုင်ငံ၊ ကစ်ချနာမြို့ရှိ မြန်မာပြည်ဖွား ရိုဟင်ဂျာပြည်သူများနှင့် တွေ့ဆုံပွဲအား အောက်တိုဘာ ၃၀ ရက်က ပြုလုပ်ရာ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း အပါအဝင် ဒုဝန်ကြီး ဦးအောင်ကျော်မိုး၊ သမ္မတရုံး အကြံပေးနှင့် ပြောရေးဆိုခွင့် ဦးကျော်ဇော်တို့ တက်ရောက်ခဲ့သည်။

မူဝါဒ ရှင်းလင်းပွဲအား Rohinga Center Canada ၏ ဦးဆောင်တည်ထောင်သူတစ်ဦးဖြစ်သည့် Mr. Jaivet Ealom ၏ ဖိတ်ကြားမှုဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ကာ NUG တာဝန်ရှိသူများ ဘက်မှ အစိုးရ၏ ရိုဟင်ဂျာမူဝါဒရေးရာကိစ္စရပ်နှင့် နိုင်ငံသားဥပဒေ ပြင်ဆင်ပြောင်းလဲရေး ဆောင်ရွက်နေမှုအား ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းခဲ့သည်။

ဒုဝန်ကြီး ဦးအောင်ကျော်မိုးကလည်း ရိုဟင်ဂျာများ နေရပ်ရင်းသို့ မိမိဆန္ဒအလျောက် လုံခြုံစိတ်ချစွာ ပြန်နိုင်ရေးနှင့် ဆက်စပ်သည့် အကြံပြုချက်များ စုဆောင်းနေမှု၊ သမ္မတရုံးက လုပ်ဆောင်နေသည့် ရိုဟင်ဂျာအပါအဝင် လူနည်းစု တိုင်းရင်းသားများနှင့် စပ်လျဉ်းသည့် ဥပဒေပြင်ဆင် ဖော်ဆောင်ခြင်း ကိစ္စရပ်များအား ရှင်းလင်းခဲ့သည်။

အစိုးရရုံး တာဝန်ရှိသူများသည် ကနေဒါနိုင်ငံ၊ ဝါတာလူး တက္ကသိုလ်တွင် JASBAA အမည်ဖြင့် ပြုလုပ်ကျင်းပနေသည့် ရိုဟင်ဂျာအနုပညာပြပွဲသို့လည်း သွားရောက်ကြည့်ရှု အားပေးခဲ့သည်။ အဆိုပါ ပြပွဲတွင် ရိုဟင်ဂျာ အနုပညာရှင်များ၏ ဓာတ်ပုံများ၊ ကဗျာ၊ ဆောင်းပါးနှင့် စာပေလက်ရာများအား ပြသထားသည်။





# “ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို လက်တွဲညီညီ ချီတက်နေပါတယ်ဆိုတဲ့ သက်သေ”

“အခုလိုမျိုး NUG ၊ NUCC ၊ တိုင်းရင်းသားအဖွဲ့အစည်းတွေ၊ နွေဦးတော်လှန်ရေးအင်အားစုတွေ အခုလိုမျိုးသွားတာ ပထမဆုံး မဟုတ်ပါဘူး။ ကျွန်တော်တို့ တခြားသော တွေ့ဆုံမှုတွေ၊ တခြား အတူသွားပြီးတော့ နိုင်ငံတကာ လှုံ့ဆော်မှုတွ ရှိခဲ့ပြီးသားပါ။ ဒါပေမဲ့ ဒီတစ်ခေါက်ကတော့ အားလုံးစုံတာပေါ့ဗျာ။ ပြောမယ်ဆိုရင် NUCC ကော၊ ကျွန်တော်တို့ NUG ကော၊ တိုင်းရင်းသားအဖွဲ့အစည်းတွေအပြင် ဒီ နွေဦးတော်လှန်ရေးအင်အားစုအားလုံးက အခမ်းအနားတစ်ခုကို တက်ရောက်တာ တင်မကဘဲနဲ့ ဒါကို လူသိရှင်ကြား ထုတ်ပြန်နိုင်တဲ့ အနေအထားမျိုး၊ ဒါကြောင့် ပိုသိတာပါ။ အဲဒီ ကျွန်တော်တို့ သွားတဲ့ ရည် ရွယ်ချက်ကတော့ Forum 2000 ဆိုတဲ့ ချက် နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ သူတို့အဖွဲ့အစည်းတွေက ကျင်းပတဲ့ဟာကို ဖိတ်ကြားလို့ သွားတာပါ။ အဲဒါလေးက ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ အထူးသဖြင့် ဥရောပနိုင်ငံတွေမှာ ဒီမိုကရေစီ နဲ့ ပတ်သက်ပြီးတော့ လုပ်ဆောင်ပေးဖို့၊ ဒီမိုကရေစီနဲ့ ပတ်သက်ပြီးတော့ စိန်ခေါ်မှုတွေကို ဘယ်လိုလုပ်ဆောင်ကြမလဲဆိုတာ ဆွေးနွေးတဲ့၊ နိုင်ငံအသီးသီးကလည်း ပါတယ်၊ ခေါင်းဆောင်တွေ၊ နောက်တခါ ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူတွေပါတဲ့ အစည်းအဝေး ဖြစ်ပါတယ်။ အဲဒီတော့ ဒီအစည်းအဝေးမှာ ဥရောပထုံးစံအတိုင်းပဲ ဥရောပဒေသအတွင်းမှာ ဒီမိုကရေစီခြိမ်း ခြောက်မှုဆိုရင် ယူကရိန်းပဲ မြင်ကြတာပေါ့လေ။ ဒါပေမဲ့ ကျွန်တော်တို့ ယူကရိန်းအပြင် မြန်မာနိုင်ငံလို ဒီမိုကရေစီကို အမြဲတမ်းအနိုင်ကျင့်ခံရပြီးတော့ စစ်အာဏာရှင်ထွန်းကားအောင် လုပ်ဆောင်နေတဲ့ နိုင်ငံတွေ ရှိတယ်ဆိုတာကို တင်ပြနိုင်ဖို့ ရယ်၊ နောက်တခါ ကျွန်တော်တို့ လက်ရှိအခြေအနေမှာ၊ အမြဲတမ်း တော်လှန်ရေးအင်အားစုမှာ တိုးတက်ပြောင်းလဲမှုတွေ ရှိတယ်။ အဲဒါတွေကို သိရှိဖို့အတွက် လုပ်ဆောင်တာ။ အဲဒီလို လုပ်ဆောင်တော့ ကျွန်တော်တို့ အားလုံးရဲ့အသံတွေ ထွက်လာရင် ပိုကောင်းမယ်ဆိုတဲ့ ယူဆချက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံခြားရေးကလည်း သွားတယ်၊ လူ့အခွင့်အရေးကလည်း သွားတယ်။ တခါ တိုင်းရင်းသားတွေလည်း သွားနေတယ်။ ဒါပေမဲ့ အသံတွေ တူဖို့အတွက် တနေရာတည်းမှာ စု ဆုံ နိုင်ရင် ကောင်းတယ်ဆိုတဲ့ဟာနဲ့ စု ဆုံ တာပါ။ အဲဒီတော့ တွေဆုံလိုက်ခြင်းအားဖြင့်တော့ သက်သေပြရာလည်း ဖြစ်သွားတာပေါ့ဗျာ။ ကျွန်တော်တို့အားလုံး နွေဦးတော်လှန်ရေးကနေစတင်ဆုပ်ထားတဲ့ လက်တွေအကုန်လုံးက ခိုင်မြဲပြီးတော့ ခြေလှမ်းတွေပါ တူညီနေကြတယ်။ ကျွန်တော်တို့အားလုံးဟာ ကျွန်တော်တို့ ရည်မှန်းတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို လက်တွဲညီညီ ချီတက်နေပါတယ်ဆိုတဲ့ သက်သေကို ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ်အဖွဲ့က ပြလိုက်သလို ဒါကို ထင်ဟပ်သလို ဖြစ်သွားတာ သေချာပါတယ်”

**- ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ)**
***(မြန်မာလူထုကိုယ်စားလှယ်အဖွဲ့ရဲ့ ချက်သမ္မတနိုင်ငံခရီးစဉ်နှင့် ဘာလို့ စစ်ကောင်စီတပ်နဲ့ အပစ်ခတ်ရပ်စဲရေး မလုပ်လိုတာလဲ / Human Rights Barometer - Episode 25 ကောက်နုတ်ချက်)***
***(ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဇ္ဈိမသတင်းဌာနတို့ ပူးပေါင်းကာ နှစ်ပတ်တစ်ကြိမ် ထုတ်လွှင့်နေခြင်း ဖြစ်သည်။)***

# ပြည်ထောင်စုဝန်ကြီးချုပ်နှင့် ဝန်ကြီးဌာနတို့ တွေ့ဆုံဆွေးနွေး

**အောက်တိုဘာ ၂၈**




မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် လူ့အခွင့်အရေး အခြေအနေများနှင့် ပတ်သက်၍ အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၏ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းနှင့် လူ့အခွင့်အရေးဝန်ကြီးဌာန ဝန်ကြီးဌာနတို့ အောက်တိုဘာ ၂၈ ရက်က တွေ့ဆုံ ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

ဝန်ကြီးဌာနက ပြုလုပ်နေသည့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှု မှတ်တမ်းတင်ထားမှု အခြေအနေ၊ နိုင်ငံတကာ အရေးယူဆောင်ရွက်နိုင်ရေးနှင့် မူဝါဒရေးရာ ဆောင်ရွက်ချက်၊ ပညာပေးမှုနှင့် တိုင်ကြားမှုများအပေါ် စိစစ်ဆောင်ရွက်မှု၊ သတင်းထုတ်ပြန်ဆိုင်ရာကိစ္စရပ်များအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက ဦးဆောင်ရှင်းလင်း တင်ပြခဲ့သည်။ ယင်းဆောင်ရွက်မှုများအပေါ် ဝန်ကြီးချုပ် အပါအဝင် ဝန်ကြီးဌာန အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများက သိရှိလို သည့်အချက်၊ တင်ပြလိုသည့် အချက်များကိုပါ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

# တိုရန်တိုရောက် မြန်မာမိသားစုတွေ့ဆုံပွဲသို့ NUG ပါဝင်တက်ရောက်

**အောက်တိုဘာ ၂၇/၃၀**



ကနေဒါနိုင်ငံ၊ တိုရန်တိုမြို့ရှိ မြန်မာပြည်ဖွား တိုင်းရင်းသားများ ၏ တွေ့ဆုံပွဲအား အောက်တိုဘာ ၂၇ ရက်က ပြုလုပ်ရာ အမျိုးသားညီညွတ်ရေးအစိုးရ – NUG လူ့အခွင့်အရေး ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ဒုတိယ ဝန်ကြီး ဦးအောင်ကျော်မိုး၊ သမ္မတရုံး ပြောရေးဆိုခွင့်ရ ဦးကျော်ဇောတို့ တက်ရောက်ခဲ့ကာ အစိုးရ၏ ဆောင်ရွက်နေမှု နှင့် လုပ်ငန်းစဉ် များအား ရှင်းလင်းခဲ့သည်။ တွေ့ဆုံမှု၌ NUG တာဝန်ရှိသူများ၏ ကနေဒါ ခရီးစဉ် ဖြစ်ပေါ်လာရသည့် အကြောင်းအရင်း၊ တိုးတက်အောင်မြင်နေ သည့် နွေဦး တော်လှန်ရေး အခြေအနေနှင့် အစိုးရအဖွဲ့ လှုပ်ရှားမှုများအား ပြည်သူများထံ အစီရင်ခံခဲ့သည့်အပြင် တက်ရောက် သူများ သိလိုသည့် အကြောင်းအရာများကိုလည်း အပြန်အလှန် ဆွေးနွေးပေးခဲ့သည်။

အောက်တိုဘာ ၃၀ ရက်ကလည်း ကနေဒါနိုင်ငံ၊ Kitchener မြို့ရှိ ချင်းလူငယ်ခေါင်းဆောင်များ၊ အိုတာဝါမြို့ ရောက် မြန်မာကနေဒီယမ်မိသားစုနှင့် တွေ့ဆုံမှုများကိုလည်း ပြုလုပ်ခဲ့ကာ တိုးတက်အောင်မြင်နေသည့် နွေဦးတော်လှန်ရေး အခြေ အနေနှင့် အစိုးရ၏ လုပ်ဆောင်နေမှု လုပ်ငန်းစဉ်များအား အစီရင်ခံခဲ့ကြသည်။

# တက်ကြွသည့် ဦးဆောင်မှု အရေးကြီးကြောင်း ကနေဒါအမတ်များအား တိုက်တွန်း

**အောက်တိုဘာ ၂၇**




မြန်မာ့အရေးအတွက် တက်ကြွသည့် ဦးဆောင်မှုမှာ အရေးကြီးကြောင်း ကနေဒါနိုင်ငံရှိ Parliamentarian Friends of Democratic Burma အဖွဲ့မှ အမတ်များအပြင် မြန်မာ့အရေး ပါဝင်လှုပ်ရှားနေသည့် ကနေဒါအမတ်များအား အမျိုးသား ညီညွတ်ရေးအစိုးရ – NUG က အောက်တိုဘာ ၂၅ ရက်က တွေ့ဆုံစဉ် တိုက်တွန်းခဲ့သည်။

တွေ့ဆုံမှုအား ပါလီမန်အဆောက်အအုံ၌ ပြုလုပ်ခြင်း ဖြစ်ကာ NUG ဘက်မှ ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန) ၊ ဦးအောင်ကျော်မိုး (ဒုတိယဝန်ကြီး) နှင့် ဦးကျော်ဇော် (သမ္မတရုံး အကြံပေးနှင့် ပြောရေး ဆိုခွင့်) တို့ ပါဝင်ကာ လွှတ်တော်အမတ်များက NUG ၏ မြန်မာ့အရေး လုပ်ဆောင်မှုများအား စိတ်ပါဝင်စားစွာ မေးမြန်းခဲ့ကြသည်။

ယင်းမေးမြန်းမှုအတွင်း အကြမ်းဖက်စစ်အုပ်စုကျူးလွန်သည့် ရာဇဝတ်မှုများ အမြန်ဆုံး ရပ်တန့်ရေး၌ နိုင်ငံတကာ အရေးယူဆောင်ရွက်မှု၏ အရေးပါမှု၊ ကနေဒါကဲ့သို့ လူ့အခွင့်အရေးနှင့် တရားမျှတမှုအား ဦးဆောင်လုပ်ကိုင် နေသည့် နိုင်ငံအနေဖြင့် စစ်အုပ်စုအား ဘဏ္ဍာရေးနှင့် စစ်ရေးအရ ပိတ်ဆို့မှု၊ နိုင်ငံတကာ တရားဥပဒေကြောင်းအရ အရေးယူနိုင်ရေးလုပ်ငန်းစဉ်၌ တက်ကြွစွာ ဦးဆောင် မှုသည် အထူးအရေးပါကြောင်း တိုက်တွန်း ပြောဆိုခဲ့သည်။

နှစ်နိုင်ငံ အစိုးရနှင့် လွှတ်တော်အမတ်များ တွေ့ဆုံမှု၌ ကနေဒါဘက်မှ MP Adam Chambers (Shadow Minister for the National Revenue)၊ MP Garnett Genuis (Shadow Minister for the International Development)၊MP Stephanie Kusie ( Member of the Panels of Chairs for the Legislative Committes)၊MP Dave Epp ( Standing Committee on Foreign Affairs and International Development)၊ MP Shuvaloy Majumdar (Standing Committee on Health)၊ MP Ziad Aboultaif (Standing Committee on Foreign Affairs and International Development) တို့ တက်ရောက်ခဲ့သည်။

အကြမ်းဖက်စစ်အုပ်စုအပေါ် ကနေဒါလွှတ်တော်နှင့် အစိုးရက ပိတ်ဆို့အရေးယူမှုများ ပိုမိုအားကောင်းရေးအတွက် နိုင်ငံတကာ ပူးပေါင်းပါဝင်သော ပူးပေါင်းဆောင်ရွက်မှုအထိ ပြောင်းလဲရန်လည်း တိုက်တွန်းခဲ့ကာ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအတွက် လူသားချင်းစာနာမှု အကူအညီ၊ NUG-NUCC-CRPH တို့ကိုလည်း လက်တွေ့ကျသည့် ကူညီထောက်ပံ့မှုများ ဖြင့် ပူးပေါင်းလက်တွဲလုပ်ကိုင်ရန် နည်းလမ်းများ လုပ်ဆောင်သွားရန် နှိုးဆော်ခဲ့သည်။

ဆွေးနွေးမှုနှင့် ပတ်သက်၍ ကနေဒါအမတ်များဘက်က မြန်မာအရေးနှင့် ပတ်သက်၍ ကနေဒါ ပါတီပေါင်းစုံပါတီ ပါဝင်သည့် တိုက်တွန်းတောင်းဆိုချက်တစ်စောင် ထုတ်ပြန်ရန်၊ ယင်း၌ NUG နှင့် CRPH အား တရားဝင်အစိုးရနှင့် လွှတ်

တော်အဖြစ် အသိအမှတ်ပြုရန်၊ လူသားချင်းစာနာမှု အကူအညီများအား နယ်စပ်ဖြတ်ကျော်မှုမှတဆင့် ပိုမိုပေးအပ်ရန် တိုက်တွန်းသွားမည့်အကြောင်းများ ထည့်သွင်းမည်ဟု ကတိကဝတ်ပြုခဲ့ကြသည်။ ထို့ပြင် ပါလီမန်စင်တာအဖွဲ့နှင့် တွေ့ဆုံကာ မြန်မာ့ဒီမိုကရေစီအင်အားစုနှင့် လွတ်တော်စွမ်းရည် မြင့်မားရေးအတွက် ပူးပေါင်းလုပ်ဆောင်နိုင်မည့် နည်းလမ်းများကိုလည်း ဆွေးနွေးခဲ့ကြသေးသည်။

# ဥရောပသမဂ္ဂသို့ မြန်မာ့အရေး "ပရာ့ဂ်ပန်ကြားချက်"




မြန်မာပြည်သူများ ဆုံးဖြတ်ချက်အား လေးစားရန်နှင့် အကြမ်းဖက်စစ်အုပ်စုအား အကျိုးဖြစ်စေမည့် ကြားဝင်စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ မပြုလုပ်ရန်တို့ ပါဝင်သည့် ပရာ့ဂ်ပန်ကြားချက်အား အမျိုးသားညီညွတ်ရေးအစိုးရ – NUG ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Jan Lipavský နှင့် တွေ့ဆုံစဉ် ပေးအပ်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့၌ NUG နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်နှင့် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မျိုးမင်းတို့ ဦးဆောင်ကာ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ - NUCC ၊ တိုင်းရင်းသားတော်လှန်ရေး အင်အားစု - ERO များနှင့် နွေဦးတော်လှန်ရေး အင်အားစုများ ပါဝင်ကာ ပရာဂ့်မြို့၌ FORUM 2000 တက်ရောက်စဉ်အတွင်း သီးခြား တွေ့ဆုံကာ ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

"ပရာ့ဂ်ပန်ကြားချက်" အား မြန်မာနိုင်ငံ အခြေအနေနှင့် ပတ်သက်၍ မြေပြင်ရှိ ပကတိအမှန်တရားအား သိရှိနားလည်စေရန်၊ နိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် အင်အားစုများ၏ ကြိုးပမ်းအားထုတ်မှုအား အထောက်အပံ့ဖြစ်စေရန်အတွက် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် ဥရောပရှိ မြန်မာ့မိတ်ဆွေများထံ ထုတ်ပြန်တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

ပန်ကြားချက်၌ အချက် ၁၀ ချက် ပါဝင်ကာ မြန်မာပြည်သူလူထု၏ မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ လွတ်လပ်မှုကို ကာကွယ်စောင့်ရှောက်မည့် ဆုံးဖြတ်ချက်အား လေးစားရန်၊ အကြမ်းဖက်စစ်အာဏာရှင်တို့၏ ခေါင်းမာမှုကို အကျိုးဖြစ်စေမည့် ကိုယ့်ဘာသာနှင့်ကိုယ် ကြားဝင်စေ့စပ် ညှိနှိုင်းဆွေးနွေးမှုများအား မပြုလုပ်ကြရန် အချက်များ ပါဝင်သည်။

# “ပြည်သူ့ဆေးရုံရယ်၊ လက်ဖက်ရည်ဆိုင်ကနေ စပြီးတော့ ရှို့တယ်”

မန္တလေးတိုင်း၊ အောင်မြေသာစံခရိုင်ရှိ မတ္တရာ မြို့နယ်အား အကြမ်းဖက်စစ်အုပ်စုလက်အောက်ခံ တပ်အင်အား ၈၀ ခန့်က အောက်တိုဘာ ၂၅ နှင့် ၂၆ ရက်က ဧရာဝတီ မြစ်ကြောင်းအတိုင်း ဆန်တက်လာပြီးနောက် မြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာများအား မီးရှို့ဖျက်ဆီးသည့်အပြင်ပစ်ခတ်မှုများကြောင့် အပြစ်မဲ့ ဒေသခံပြည်သူ ၅ဦး ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရသည်။

အဆိုပါ အကြမ်းဖက်စစ်အုပ်စုမှာ တပ်မ ၃၃ လက်အောက်ခံဖြစ်ကာ သံခွန်စစ်သင်္ဘောနှစ်စီးဖြင့် ရေကြောင်းမှ ချီတက်လာပြီးနောက် မြေပြင်ရှိ အင်အား ၄၀ ခန့်ရှိ စစ်ကြောင်းနှင့် ပူးပေါင်းကာ မတ္တရာမြို့နယ်၊ ငယ်တိုးကျေးရွာအုပ်စု ငယ်တိုးနှင့် သဖန်းဒေါင့်ရွာ၊ စဉ့်ကူးမြို့နယ် ကြက်တူရွေး၊ ဟသ်ာဖို၊ ဟသ်ာမနှင့် သဲအင်း ကျေးရွာတို့အား ပစ်ခတ်၊ စီးနင်း၊ မီးရှို့၊ သတ်ဖြတ်မှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ယင်းဖြစ်စဉ်အတွင်း အပြစ်မဲ့ ပြည်သူ အမျိုးသား ငါးဦး သေဆုံးခဲ့သည့်အပြင် ပြည်သူပိုင်နေအိမ် ၂၉ လုံး၊ ပြည်သူ့ဆေးရုံနှင့် စားသောက်ဆိုင်များ ပျက်စီး ဆုံးရှုံးခဲ့ရသည်။

“ငယ်တိုးနဲ့ သဖန်းဒေါင့်ကျေးရွာကို (အောက်တိုဘာ ၂၅) နေ့လည် ၁၁ နာရီ ၄၅မိနစ် အချိန်ခန့်လောက်မှာ သူတို့ စကစ သင်္ဘောတစ်စီး ရှေ့က သင်္ဘောစပြီးတော့ ရောက်တယ်ဗျ။ ပထမ သံကွန်နဲ့တော့ ကျွန်တော်တို့ ဒေသကာကွယ်ရေးတပ်တွေ ၁၅ မိနစ်လောက်တော့ အပြန်အလှန် ပစ်ခဲ့တယ်။ အဲဒီမှာ နောက်က သံကွန်ရောက်လာတဲ့အချိန်မှာ အဲ့ဒီသံကွန်ကနေ တွဲကပ်ပြီးတော့ မတ္တရာမြို့နယ်၊ ငယ်တိုးကျေးရွာက ကိုဖိုးကျော်ရဲ့နေအိမ်ကို စပြီးတော့ မီးရှို့တယ်။ အဲအိမ်ကနေစတင်မီးရှို့ပြီးတဲ့နောက်မှာ သူတို့တောင်ဘက်ကိုဆက်သွားတဲ့အခါမှာ သူတို့နယ်တိုးကျေးရွာကနေ သဖန်းဒေါင့်ကျေးရွာကို ရောက်ရှိခဲ့တယ်။ ပြည်သူ့ဆေးရုံရယ်၊ တောင်ဘက်မှာရှိတဲ့ လက်ဖက်ရည်ဆိုင်ကနေ သူတို့စပြီးတော့ ရှို့တယ်။ အဲဒီမှာ ပြည်သူအိမ်ကိုးလုံး မီးလောင်သွားတယ်ဗျ။ မီးရှို့ပြီး နှစ်ချက်ထိုးလောက်မှာ သူတို့အထက်ကို ဆန်တက်တယ်။ တစ်စီးကတော့ အောက်ကို စုန်သွားတယ်။ အင်အား ၆၀ ခန့်ပါတဲ့ သံခွန်တစ်စီးကတော့ စဉ့်ကူးနယ်ဘက်အထိ တက်သွားတယ်။ ညနေ ၅ နာရီခွဲ ၆နာရီလောက်မှာ သူတို့ လက်နက်ကြီးနဲ့ ရမ်းသမ်းပစ်ခတ်သံတွေ ကျွန်တော်တို့ကြားတယ်ပေါ့။ ပြီးတော့ ည ၇နာရီခန့် အချိန်လောက်မှာ သူတို့ သဲအင်းတို့၊ ဟသ်ာဖို၊ ဟသ်ာမ၊ ကြက်တူရွေးတို့ အဲ့ဒီဘက်တွေကို ဝင်မွှေပြီးတော့ လက်နက်ကြီးနဲ့ ရမ်းသမ်းပစ်ခတ်နေပါတယ်ဆိုတဲ့ဟာတွေကို ဒေသခံပြည်သူတွေနဲ့ ကျွန်တော်တို့ဒေသကာကွယ်ရေးတပ်တွေရဲ့ သတင်းပေးပို့မှုအရ ကျွန်တော်တို့သိရပါတယ်။ ၂၆ရက်နေ့မနက်မှာ သိရတာက သူတို့တွေက စဉ့်ကူးမြို့နယ်၊ ကြက်တူရွေးနဲ့ ဟသ်ာဖို၊ ဟသ်ာမ၊ သဲအင်း အဲ့ဒီကျေးရွာတွေကို ဝင်မွှေလုယက် မီးရှို့ခဲ့ပြီးတော့ ဒေသခံပြည်သူ နှစ်ဦးကို သတ်ဖြတ်ခဲ့တယ်ဆိုတဲ့ဟာကို မနက်လင်းတော့ သတင်းရခဲ့တယ်။ ကျွန်တော်တို့ အဲဒီဒေသကို နေ့လည်၁၂နာရီလောက် နယ်မြေရှင်းလင်းရေးဝင်တဲ့အခါ ငယ်တိုးနဲ့ သဖန်းဒေါင့် ရွာကြားက သင်္ချိုင်းကုန်းမှာ ဒေသခံမဟုတ်တဲ့ အမျိုးသား သုံးဦးကို သတ်ဖြတ်ထားတာ တွေ့ခဲ့ရတယ်။ ချောပါသွားတဲ့ ပြည်သူ ခရီးသွားလိုင်းမော်တော်ကနေ စုံစမ်းသိရှိမှုအရ တပ်မ ၃၃ လို့တော့ စစ်သားတွေရဲ့ ဘတ်တံဆိပ်ကို မြင်တယ်လို့ ပြောပါတယ်။ သဲအင်းတို့၊ ကြက်တူရွေးတို့၊ ဟသ်ာဖို၊ ဟသ်ာမတို့ဆိုတာ အကြိမ်ကြိမ် ခဏခဏ မီးရှို့နေတာ ။ ဘာကြောင့်တုန်းဆိုတော့ ပျူရွာဆိုတဲ့ ရွာသာယာရွာဆိုတာရှိနေသည့်အတွက် ခဏတိုင်း မီးရှို့ခံနေရတာ။ အခုဒီ ၂၅/၂၆ စစ်ကြောင်းမှာဆိုရင် စကစ နေပြီးတော့မှ သတ်ဖြတ်ခဲ့တာ ငါးဦးရှိတယ်။ တစ်ဦးကကျတော့ ဦးကျော်ဝင်းဆိုပြီးတော့ အတည်ပြုနိုင်တယ်ပေါ့နော်”

**- ဗေဒါ (ပကဖ အဖွဲ့ဝင်နှင့် ပလဖ ဒုတာဝန်ခံ - မတ္တရာမြို့နယ်)**

*(မန္တလေးတိုင်း၊ မတ္တရာနှင့် စဉ့်ကူးမြို့နယ်အတွင်းရှိ ကျေးရွာများအား အကြမ်းဖက်စစ်ကောင်စီက အောက်တိုဘာ ၂၅ နှင့် ၂၆ ရက်တို့တွင် ရေကြောင်းနှင့် ကြည်းကြောင်းမှ စစ်ကြောင်းထိုး ပစ်ခတ်၊ မီးရှို့သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ပြည်သူ ငါးဦး သေဆုံးကာ နေအိမ်၊ ပြည်သူ့ဆေးရုံနှင့် စားသောက်ဆိုင်များ ပျက်စီးဆုံးရှုံးမှု ဖြစ်စဉ်နှင့် ပတ်သက်၍ မတ္တရာမြို့ ပကဖ အဖွဲ့ဝင်နှင့် ပလဖ ဒုတာဝန်ခံ ဗေဒါအား ဆက်သွယ်မေးမြန်းထားခြင်း)*

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၄,၁၆၁ (၅၀၀)

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာလုမှုဖြစ်စဉ်အား ဆန့်ကျင်မှုကြောင့် ဖြစ်တည်လာသည့် နွေဦးတော်လှန်ရေး ကာလအတွင်း ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၄,၁၆၁ ဦး သေဆုံးခဲ့သည်။ အတည်ပြုရန် လိုအပ်ကာ အမည် စုံစမ်းဆဲ သတ်ဖြတ်ခံရသူ ၅၀၀ ဦး ဝန်းကျင်လည်း ရှိသည်။

## ၂၅,၃၅၉

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းသည့်အချိန်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၃ ရက်အထိ နိုင်ငံရေး တက်ကြွလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၂၅,၃၅၉ ဦးအား ထိန်းသိမ်းခဲ့ပြီး ၁၉,၆၃၆ ဦးမှာ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ ယင်းအနက် ၇,၉၃၀ ဦးကို စစ်ကောင်စီလက်အောက်ခံ တရားရုံးများက မတရားပုဒ်မ မျိုးစုံဖြင့် ထောင်ဒဏ် ချမှတ်ထားသည်။

## ၁၆၃ - ၄၃

စစ်အာဏာသိမ်းမှု ဆန့်ကျင်သည့် နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည်ဟု စွပ်စွဲကာ စစ်ကောင်စီက သေဒဏ်ပေးသူ ပေါင်း ၁၆၃ ဦးအထိ ရှိသည်။ နွေဦးတော်လှန်ရေး လှုပ်ရှားမှုတွင် ပါဝင်မှုဖြင့် မျက်ကွယ်သေဒဏ် ချမှတ်ခံရသူများတွင် မျက်ကွယ် သေဒဏ်ချမှတ်ခံရသူ ၄၃ ဦး ပါဝင်ကာ ၁၁၉ ဦးမှာ နိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။

## # အောက်တိုဘာ ၂၄ #

အကြမ်းဖက်စစ်အုပ်စုက အာဏာမသိမ်းခင်ကတည်းက ကိုဗစ် အကြောင်းပြချက်ဖြင့် ပိတ်ထားသည့် မိသားစု ထောင်ဝင်စာ တွေ့ခွင့်အား အောက်တိုဘာ ၂၄ မှ စ၍ အကန့်အသတ် များစွာဖြင့် ပြန်လည်ခွင့်ပြုလိုက်ပြီ ဖြစ်သည်။ သို့သော် ဖမ်းဆီးထိန်းသိမ်းခံ အရပ်သားအစိုးရအဖွဲ့ဝင်များဖြစ်သည့် ဝန်ကြီးချုပ်၊ အမတ်နှင့် နိုင်ငံရေးပါတီဝင်အချို့ အပါအဝင် နှစ်ရှည်ထောင်ဒဏ် ချမှတ်ခံထားရသည့် နိုင်ငံရေးအကျဉ်းသား များကိုမူ ထောင်ဝင်စာတွေ့ခွင့် ကန့်သတ်ထားဆဲ ဖြစ်သည်။

## # ၁၅၀၁ #

ထိန်းသိမ်းခံရစဉ်အတွင်း နည်းမျိုးစုံဖြင့် သတ်ဖြတ်ခံရသူများမှာ အကြမ်းဖက်စစ်အုပ်စု အာဏာသိမ်းချိန်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၀ ရက်အထိ ၁,၅၀၁ ဦးအထိ ရှိနေပြီ ဖြစ်သည်။

စစ်အုပ်စုက နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား ရဲစခန်း၊ စစ်ကြောရေးနှင့် အကျဉ်းထောင်များ၌ ထိန်းသိမ်းထားစဉ် အတွင်း ဖမ်းဆီးနှိပ်စက်မှု၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှု၊ လုံလောက်သည့် ဆေးဝါးကုသမှု မပေးမှု၊ အရေးပေါ်အချိန်၌ ဆေးကုသခွင့် မပေးခြင်းများကြောင့် သေဆုံးကြရခြင်းဖြစ်ကာ ရဲစခန်း၌ ၂၅ ဦး၊ စစ်ကြောရေး၌ ၁၁၄ ဦး၊ အကျဉ်းထောင်အတွင်း၌ ၆၈ ဦး သေဆုံးထားသည်။

## လောင်းလုံ - ကျော်သိန်း

အကြမ်းဖက်စစ်အုပ်စုက ၂၀၂၃ ခုနှစ် မတ်လအတွင်းက တနင်္သာရီတိုင်း၊ လောင်းလုံမြို့နယ်၊ ဟင်းချိုတောကျေးရွာသို့ စစ်ကြောင်းထိုးစဉ် ဦးကျော်သိန်းဆိုသူအား ဖမ်းဆီးကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀ (ည)၊ ၅၁၊ ၅၂ တို့ဖြင့် ထောင်ဒဏ် ၁၃ နှစ် ချမှတ်ကာ ထားဝယ်အကျဉ်းထောင်၌ မတရား ထိန်းသိမ်းထောင်ချခဲ့သည်။ အောက်တိုဘာ ၂၇ ရက်၌ အကျဉ်းထောင်အတွင်း အမောဖောက်ရာ အကျဉ်းထောင် ဆေးခန်း၌ ကုသပြီး လုံလောက်သည့် ကုသမှု ထပ်မပေးနိုင်၍ ပြင်ပဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ပင် သေဆုံးခဲ့သည်။

## လူမှုကွန်ရက် - ၁,၃၁၆

လူမှုကွန်ရက်ပေါ်၌ စစ်အုပ်စုအား ဆန့်ကျင်ကာ လူထုလှုပ်ရှားမှုနှင့် နွေဦးတော်လှန်ရေးအဖွဲ့အစည်းများအား ထောက်ခံ ရေးသား၊ ပြောဆိုဆက်သွယ်မှုဖြင့် အကြမ်းဖက်စစ်အုပ်စုက အာဏာသိမ်းချိန်မှာ ၂၀၂၃ ခုနှစ် စက်တင်ဘာ လကုန်အထိ ပြည်သူ ၁,၃၁၆ ဦးအထိ ဖမ်းဆီးထားသည်။ ဖမ်းဆီးခံရသူ အများစုမှာ ရန်ကုန်နှင့် မန္တလေးတိုင်းတို့မှ ဖြစ်ကာ Facebook သုံးသူ အများစုဖြစ်ကာ TikTok နှင့် Telegram အသုံးပြုသူ များလည်း ပါဝင်သည်။ စစ်အုပ်စုက ထိုသို့ ဝေဖန်ရေးသားမှု များအား အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ (က)၊ ၅၀၅ (က)၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃ (က) အပြင် အခြားသော ဥပဒေများသုံး၍ မတရားဖမ်းဆီးနေခြင်း ဖြစ်သည်။

**ကိုးကား - AAPP, Data for Myanmar**

## CODE OF CONDUCT

စစ်သည်တော် ကျင့်ဝတ်စည်းမျဉ်းများ - Soldier's rules



အရပ်သားပြည်သူများအား ကာကွယ်စောင့်ရှောက်ရမည်။
အရပ်သားပြည်သူပိုင် ဥစ္စာပစ္စည်းများကို ထိပါးခြင်း မပြုရ။

## CODE OF CONDUCT

စစ်သည်တော် ကျင့်ဝတ်စည်းမျဉ်းများ - Soldier's rules



မူးယစ်ဆေးဝါး သုံးစွဲခြင်း မပြုရ။

